# မကွေးမြို့တွင် GAPနှမ်းနက်(စမုံ)နှင့် နှမ်းဖြူဈေးကျလာ

မကွေးတိုင်းဒေသကြီးအတွင်း နှမ်းမျိုးစုံတို့ဝင်ရောက် အရောင်းအဝယ်ဖြစ်လျှက်ရှိပါသည်။ မိုးနှမ်းများဝင်ရောက်လာပြီး အရည်အသွေးနှင့်ဝယ်လိုအားကြောင့် GAPစမုံနှမ်းနက်ဈေးနှင့် နှမ်းဖြူဈေးများ ကျဆင်းလျှက်ရှိပါသည်။ မကွေးတိုင်းအတွင်းရှိ မြို့နယ်များ၏ GAPနှမ်းများအား အဆင့်(A,B,C,D,E)အဆင့်သတ်မှတ်၍ မြင့်မြတ်တော်ဝင်ကုမ္ပဏီနှင့် RFDA(တောင်သူဖွံ့ဖြိုးရေးအဖွဲ့)တို့ ပေါင်းစပ်ညှိနှိုင်း၍ နိုင်ငံတကာပို့ကုန်လုပ်ငန်းရှင်များထံ Viber Video Call ဖြင့်ခေါ်ဆို၍ နေ့စဉ်အဖွင့်ဈေး သတ်မှတ်ပေးလျှက်ရှိပါသည်။ ယခုအပတ်(၇.၁၀.၂၀၂၀)ရက်နေ့တွင် GAPနှမ်းနက်(စမုံ)(A)စ (၁)တင်းလျှင်(၆၉၁၆၆)ကျပ်၊ GAPနှမ်းဖြူ(A)စ(၁)တင်းလျှင်(၄၀၆၆၆)ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျှက်ရှိပါသည်။

ယခင်အပတ်တွင် (၃၀.၉.၂၀၂၀)ရက်နေ့တွင် GAPနှမ်းနက်(စမုံ)(A)စ (၁)တင်းလျှင်(၆၉၃၃၃)ကျပ်၊ GAPနှမ်းဖြူ(A)စ (၁)တင်းလျှင်(၄၁၀၀၀)ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်အပတ်နှင့်နှိုင်းယှဉ်ပါက GAPနှမ်းနက်(စမုံ)(A)စ (၁)တင်းလျှင်(၁၆၇)ကျပ်နှင့် GAPနှမ်းဖြူ(A)စ (၁)တင်းလျှင်(၃၃၄)ကျပ်စီ ဈေးကျလျှက်ရှိကြောင်း သိရှိရပါသည်။